# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၁၄) ရက်မြောက်နေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၂ |
| ၅ | မိုင်းရယ်မြို့နယ်ရှိ အခြေခံပညာကျောင်း(၁၉)ကျောင်းတွင် ပညာသင်နှစ် နှစ်ဝက်ခန့်(၆)လတာ ကျောင်းအုပ်များ လစ်လပ်နေခြင်းကို ပညာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃ |
| ၆ | ကျောင်းသားဦးရေ ၆၅ ဦးအောက်နည်းပါးသော မူလတန်းကျောင်းများမှ ကျောင်းဆရာဆရာမ ဝန်ထမ်းများကို ခွင့်ယူ၍လစ်လပ်နေသော မူလတန်းကျောင်းများသို့ ဝန်ထမ်းအင်အားယာယီ ဖြည့်တင်းမှုပြုလုပ်ရန် လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်ပညာရေးမှူးများသို့ လုပ်ပိုင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | နန်းယွန်းမြို့နယ်တွင် ဆရာ၊ ဆရာမများမရှိသဖြင့် သင်ကြားရေးလုပ်ငန်းများ မလုပ်ဆောင်နိုင်သည့် ကျေးလက်အခြေခံပညာကျောင်းများ၌ ဆရာ၊ ဆရာမများ လုံလောက်စွာ ခန့်ထား၍ ပညာသင်ကြား ပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | လက်ရေးတိုပညာမှာ လက်ရှိတိုးတက်လာသော ကွန်ပျူတာခေတ်၊ မီဒီယာခေတ်တွင် ပျောက်ကွယ် နေပြီဖြစ်ကြောင်း တွေ့ရ၍ လက်ရေးတိုပညာ ပျောက်ကွယ်မသွားစေရေး တာဝန်ရှိသူများမှ ပြန်လည်ဖော်ထုတ် သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၉ | နေပြည်တော်တွင် အဆင့်မြင့်တက္ကသိုလ်တစ်ခုကို နိုင်ငံ၏လိုအပ်ချက်၊ မြို့တော်အင်္ဂါ၏လိုအပ်ချက်၊ ပညာရေးဝနကြီးဌာန၏ လိုအပ်ချက်အားလျော်စွာ ဖွင့်လှစ်တည်ထောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |

| | | |
|---|---|---|
| ၁၀ | ထားဝယ်မြို့နယ်၊ ကျောက်ရပ်ရွာအခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၄ |
| ၁၁ | ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင်မဲဆန္ဒနယ်က ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်း မြင်သာစွာချမှတ်၍ ထိရောက်သော အကောင်အထည်ဖော် ဆောင်ရွက်မှုများကိုပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း | ၁၆ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၂၃ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၁၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၇–၂–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **မိုင်းရယ်မြို့နယ်ရှိ အခြေခံပညာကျောင်း(၁၉)ကျောင်းတွင် ပညာသင်နှစ် နှစ်ဝက်ခန့်(၆)လတာ ကျောင်းအုပ်များ လစ်လပ်နေခြင်းကို ပညာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

( ခ ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **ကျောင်းသားဦးရေ (၆၅)ဦးအောက်နည်းပါးသော မူလတန်းကျောင်းများမှ ကျောင်းဆရာ၊ ဆရာမ ဝန်ထမ်းများကို ခွင့်ယူ၍လစ်လပ်နေသော မူလတန်းကျောင်းများသို့ ဝန်ထမ်းအင်အား ယာယီဖြည့်တင်းမှုပြုလုပ်ရန် လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့် ပညာရေးမှူးများသို့ လုပ်ပိုင်ခွင့်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်တွင် ဆရာ၊ ဆရာမများ မရှိသဖြင့် သင်ကြားရေးလုပ်ငန်းများ မလုပ်ဆောင်နိုင်သည့် ကျေးလက်အခြေခံပညာကျောင်းများ၌ ဆရာ၊ ဆရာမများ လုံလောက်စွာ ခန့်ထား၍ ပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **"လက်ရေးတိုပညာ" မှာ လက်ရှိ တိုးတက်လာသော ကွန်ပျူတာခေတ်၊ မီဒီယာခေတ်တွင် ပျောက်ကွယ်နေပြီဖြစ်ကြောင်း တွေ့ရ၍ လက်ရေးတိုပညာ ပျောက်ကွယ်မသွားစေရေး တာဝန်ရှိသူများမှ ပြန်လည်ဖော်ထုတ် သင်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်လှ၊ ဇေယျာသီရိ မဲဆန္ဒနယ်၏ **နေပြည်တော်တွင် အဆင့်မြင့် တက္ကသိုလ် တစ်ခုကို နိုင်ငံ၏ လိုအပ်ချက်၊ မြို့တော်အင်္ဂါ၏ လိုအပ်ချက်နှင့် ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက် အားလျော်စွာ ဖွင့်လှစ်တည်ထောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **ထားဝယ်မြို့နယ်၊ ကျောက်ရပ်ရွာ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်က **"ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အတွက်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသား**

**တို့၏ လိုအပ်ချက်များကို ရေတိုရေရှည် စီမံကိန်းများ ပွင့်လင်းမြင်သာစွာ ချမှတ်၍ ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**(၁၄)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၀၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၂ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများ ကတော့-

(၁) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၂ ရက်၊

(၂) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်၊

(၃) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၃ ရက်နှင့်

(၄) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့် အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ ခွင့်ပြု ထားသူ ၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မိုင်းရယ်မြို့နယ်ရှိ အခြေခံပညာကျောင်း(၁၉)ကျောင်းတွင် ပညာသင်နှစ် နှစ်ဝက်ခန့်(၆)လတာ ကျောင်းအုပ်များ လစ်လပ်နေခြင်းကို ပညာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(ခ)ဦးစိုင်းဟပ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်အတွင်း အခြေခံပညာ ကျောင်းပေါင်း ၆၀ ကျောင်းရှိတဲ့အနက် အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ မူလတန်းကျောင်းစုစုပေါင်း ၁၉ ကျောင်းတို့မှာ ၂၀၁၇ ခုနှစ် ဇူလိုင်လကစပြီးတော့ ကျောင်းအုပ်များလစ်လပ်လျက်ရှိနေကြောင်း သိရှိရပါတယ်။ ပညာရေးကဏ္ဍကိုအဆင့်မြင့်တင်နိုင်ဖို့ ရန် ပြောင်းလဲတဲ့ခေတ်စနစ်နဲ့အညီ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရာမှာ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိတဲ့မြို့နယ်များရဲ့ ပညာရေး တိုးတက်မြင့်မားရေး၊ ၁၀ တန်းအောင်ချက်မြင့်မားရေးတို့ကို ဦးစိုက်ဆောင်ရွက်ရန်လိုအပ်နေပါတယ်။ ဒီအခြေအနေမှာ အခြေခံပညာကျောင်းအချို့ ကျောင်းအုပ်များကာလတာရှည်လစ်လပ်နေတာ မဖြစ် သင့်ပါဘူး။ အထူးသဖြင့် အထက်တန်းကျောင်းအုပ်များ ဖြစ်ပါတယ်။ မိုင်းရယ်မြို့ပေါ်မှာ အထက်တန်း ကျောင်း တစ်ကျောင်းတည်းရှိပါတယ်။ အဲဒီကျောင်းမှာ ကျောင်းအုပ်လစ်လပ်နေပြီး တာဝန်ခံ ကျောင်းအုပ်နဲ့ ယာယီကျောင်းအုပ်ချုပ်မှုတာဝန်ကိုယူထားရသော်လည်း လစ်ဟာမှုလိုအပ်ချက်တွေ၊ အခက်အခဲတွေနဲ့ ကြုံတွေ့နေရကြောင်း သိရှိရပါတယ်။ ယနေ့ထိ ၁၀ တန်းစာမေးပွဲတွေဖြေဆိုဖို့ အချိန်နီးကပ်လာတဲ့အထိ ကျောင်းအုပ်မရရှိသေးပါဘူး။ ၁၀ တန်းစာမေးပွဲဖြေဆိုကြမယ့် ဒေသခံ ကျောင်းသားကျောင်းသူများအတွက် အစစအရာရာအဆင်ပြေပါ့မလားလို့ စိတ်ပူမိပါတယ်။ ဒေသခံ ပြည်သူများ၊ ကျောင်းသားမိဘများ၊ ဆရာဆရာမများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူတွေက ပညာရေးဌာနကျောင်းအုပ်များ ကာလတာရှည်လစ်လပ်နေခြင်းကို အမြန်ဆုံး ခန့်ထားပေးနိုင်ဖို့ တင်ပြလျက်ရှိသော်လည်းပဲ ယနေ့တိုင်ဖြည့်ဆည်းခန့်ထားပေးခြင်း မရှိသေးပါဘူး။

သို့ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်ရှိ အခြေခံပညာကျောင်း(၁၉)ကျောင်းမှာ ပညာသင်နှစ် တစ်နှစ်နီးပါးခန့် ကျောင်းအုပ်များလစ်လပ်နေတာကို ပညာရေးဝန်ကြီးဌာနက သိရှိပါသလား၊ အဘယ့်အတွက် ကျောင်းအုပ်များအမြန်ဆုံးအစားထိုး ခန့်ထားပေးရန် စီစဉ်ဆောင်ရွက်ခြင်းမရှိတာကို

မူကြမ်း

သိလိုပါတယ်။ ဒါ့အပြင် မိုင်းရယ်မြို့နယ်အတွင်း အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းကျောင်း ၁၆ ကျောင်းမှ ကျောင်းအုပ်များ တစ်နှစ်နီးပါးခန့် လစ်လပ်လျက်ရှိနေခြင်းသည် ပညာရည်တိုးတက်မြင့်မားရေးနှင့် အောင်ချက်မြင့်မားရေးကို များစွာ ထိခိုက်စေတဲ့အတွက် လစ်လပ်လျက်ရှိနေတဲ့ ကျောင်းအုပ်နေရာများအား ပညာသင်နှစ်မကုန်ဆုံးမီ အမြန်ဆုံးခန့်ထားပေးနိုင်ရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းသီဟကျော်ရဲ့ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့ရှိ အခြေခံပညာကျောင်း ၁၉ ကျောင်းတွင် ပညာသင်နှစ် နှစ်ဝက်ခန့်(၆)လတာ ကျောင်းအုပ်များလစ်လပ်နေသည်ကို ပညာရေးဝန်ကြီးဌာနမှ သိရှိပါသလား။ မည်သည့်အတွက်ကြောင့် အမြန်ဆုံးအစားထိုးခန့်အပ်ရန် စီစဉ်ဆောင်ရွက်ခြင်းမရှိသည်ကို သိရှိလိုခြင်းနှင့် လစ်လပ်လျက်ရှိသော ကျောင်းနေရာများအား ပညာသင်နှစ်မကုန်ဆုံးမီ အမြန်ဆုံးခန့်ထားပေးနိုင်ရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့မဲဆန္ဒနယ် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့မှာ ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း ၉၂ ကျောင်းရှိပါတယ်။ ၎င်းတို့အနက်မှ ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်အတိုင်းပဲ အခြေခံပညာကျောင်းပေါင်း (၁၉)ကျောင်း ကျောင်းအုပ်များလစ်လပ်လျက်ရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေအရ ကျောင်းအုပ်လစ်လပ်လျက်ရှိသော အခြေခံပညာကျောင်းများတွင် တာဝန်ခံကျောင်းအုပ်များကို တာဝန်ပေးထားပြီး သင်ကြားသင်ယူမှုကိစ္စများကို အရှိန်မပျက်စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မြို့နယ်ပညာရေးမှူးရဲ့စီမံချက်ဖြင့် အောင်ချက်မြင့်မားရေး မိုင်းရယ်မြို့နယ်အတွင်းရှိ အထက်တန်းပြဆရာဆရာမများရဲ့ သင်ကြားမှုအရည်အသွေးမြင့်မားလာစေရန် လားရှိုးတက္ကသိုလ်မှ ဆရာဆရာမများက သင်ခန်းစာပို့ချမှုများကို တက်ရောက်လေ့လာစေခြင်း၊ ကျောင်းသူကျောင်းသားများအား ညနေကျောင်းဆင်းချိန်တွင် အချိန်ပိုခေါ်ယူသင်ကြားပေးခြင်း၊ ကျောင်းသားမိဘနှင့် တွေ့ဆုံညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၃-၈-၂၀၁၇ ရက်နေ့တွင် ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ ပြောင်းရွှေ့ခန့်ထားခြင်းများကို ဆောင်ရွက်ခဲ့ရာ မိုင်းရယ်မြို့နယ်အတွင်း မူလတန်းပြ ၁၁ ဦး၊ အလယ်တန်းပြ ၄ ဦး၊ အထက်တန်းပြ ၂၃ ဦး၊ မူလတန်းပြ ၇၄ ဦး စုစုပေါင်း ၁၁၂ ဦး ဖြည့်ဆည်းဆောင်ရွက်ပြီးပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဆောင်ရွက်ရန်ရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနေရာများကိုလည်း တစ်ပြည်လုံးအတိုင်းအတာနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါတယ်။

အလယ်တန်းကျောင်းအုပ်နေရာများတွင် ဖြည့်ဆည်းခန့်ထားရန်အတွက် ယခုပြီးခဲ့တဲ့ ၂၇-၁-၂၀၁၈ ရက်နေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဖြေစာမေးပွဲများကျင်းပခြင်း၊ လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်ခြင်း၊ ရွေးချယ်နေရာချထားခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အထက်တန်းပြနှင့်အောက် ရာထူးများကိုလည်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ရာထူးတိုးအပြောင်းအရွှေ့များဆောင်ရွက်ချိန်တွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပညာရေးမှူးတို့၏ကြီးကြပ်မှုဖြင့် ဆန္ဒပြုလျှောက်ထားလာမှုများမှ စိစစ်ဖြည့်ဆည်းဆောင်ရွက်ပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ကျောင်းသားဦးရေ ၆၅ ဦးအောက်နည်းပါးသော မူလတန်းကျောင်းများမှ ကျောင်းဆရာဆရာမဝန်ထမ်းများကို ခွင့်ယူ၍လစ်လပ်နေသော မူလတန်းကျောင်းများသို့ ဝန်ထမ်းအင်အားယာယီဖြည့်တင်းမှုပြုလုပ်ရန် လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်ပညာရေးမှူးများသို့ လုပ်ပိုင်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးမြန်းရခြင်းသည် ပြည်သူလူထုအကြားမှာ အမှန်တကယ်ပိနေတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချပေးလိုတဲ့ စေတနာကြောင့်ဖြစ်ပါတယ်။ ကျောင်းသား ၆၅ ဦးပြည့်မှသာ မူလတန်းကျောင်း(ခွဲ)ချပေးသောမူ ယခင်ကရှိခဲ့တယ်လို့ ကျွန်တော့်မဲဆန္ဒနယ်ရဲ့ ဇီးနှစ်ပင်ရွာကျောင်း (ခွဲ)လေးအတွက်ကို လျှောက်လွှာတင်သွင်းခဲ့စဉ်က သိခဲ့ရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်အတွင်းမှာ ကျောင်းသားဦးရေ ၆၅ ယောက်အောက် ကျောင်း ၅ ကျောင်းမကရှိပါတယ်။ နောက်တစ်ခါ ၄+၁ မူအရ မူလတန်းကျောင်းတိုင်းမှာ ဆရာလေးဦးနဲ့ အကူလုပ်သားတစ်ဦးခန့်အပ်တဲ့မူလည်းရှိတယ်လို့ သိရပါတယ်။

ကျွန်တော်မေးခွန်းပေးဖို့ ဖြစ်လာရတဲ့အကြောင်းရင်းကတော့ ပဉ္စမအကြိမ်အစည်းအဝေးနားတဲ့ ကာလမှာ ကျွန်တော့်မဲဆန္ဒရှင်ပြည်သူအချို့က အကူအညီတောင်းတင်ပြလာပါတယ်။ အောင်ကုသိုလ်ရွာကျောင်းတွင် ကျောင်းသားဦးရေ ၁၈၀ ကျော်ရှိငြား ကျောင်းအုပ်တစ်ဦးသာကျန်ရှိကြောင်း အစားလဲဖြည့်မပေးတဲ့အတွက်ကြောင့် မိဘတွေက လုပ်အားပေးဆရာငှားနေရကြောင်း ကူညီပေးဖို့အတွက်

လည်းပြောပါတယ်။ ကျွန်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ (ဂ)အရဆိုရင် မူလတန်းဟာ မသင်မနေရအခမဲ့ပညာရေး ဖြစ်ရပါတယ်။ ကူညီပေးပါ့မယ်လို့ပြောပြီးတော့ မြို့နယ်ပညာရေးမှူးနဲ့ ညှိပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာရှိတဲ့ ဟယ်ပတောရွာကျောင်းတို့၊ မြမာလာရပ်ကွက်ကျောင်း သစ်တို့၊ ဘသန်ဂန်ကျေးရွာကျောင်းသစ်တို့၊ တောင်ပုလုရွာကျောင်းသစ်တွေမှာ ကျောင်းသား ၂၇ ဦး၊ ၃၂ ဦးလောက်နဲ့ ဆရာတွေလေးဦးဆီရှိနေတာကို တွေ့ရပါတယ်။ အဲဒီကဆရာတွေကို ယာယီ ထုတ်နှုတ်ပြီးတော့ လိုနေတဲ့အောင်ပုလုရွာကျောင်းကို ပြောင်းရွှေ့ခန့်ပေးလို့ ဖြစ်နိုင်မလားလို့ ကျွန်တော်ညှိနှိုင်းတော့ ဖြစ်နိုင်တယ်လို့ပြောပါတယ်။ အဲဒါ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှာ ကျွန်တော်သွားပြီးတော့ ညှိနှိုင်းတာဖြစ်ပါတယ်။ စက်တင်ဘာလ၊ ၂၂ ရက်အထိကို ပြောင်းရွှေ့ထားတာ မတွေ့ရတော့ မိဘတွေကတစ်ခါလာပြောပြန်ပါတယ်။ ကျွန်တော်သွားမေးတဲ့အခါကျတော့မှ စက်တင်ဘာလ ၁၇ ရက် ရက်စွဲနဲ့ ခရိုင်ပညာရေးမှူးက ညွှန်ကြားထားတဲ့အတွက်ကြောင့် အထက်ကို တင်ပြထားတယ်လို့ပြောပါတယ်။ ညွှန်ကြားချက်မှာ (၁) မိသားစုဝင် ကျောင်းချင်းဖြစ်ရမယ်လို့ပါ ပါတယ်။ (၂)က မြို့နယ်ပညာရေးကိုယ်စားလှယ်များကစိစစ်ပြီးတော့ ထောက်ခံစာနဲ့ခရိုင်၊ အဲဒီကမှ ပြည်နယ်၊ ပြည်နယ်ကမှတစ်ဆင့် ပြည်နယ်အစိုးရရဲ့သဘောတူခွင့်ပြုချက်နဲ့ခန့်ရန်ဆိုတဲ့ ညွှန်ကြားချက် တွေ့ရပါတယ်။ ဒါကြောင့် သူတို့ခရိုင်ရုံးကိုတင်ထားပါတယ်လို့ ဖြေပါတယ်။ ဒီလုပ်ထုံးလုပ်နည်းဟာ ကြန့်ကြာစေပြီးတော့ လူထုကိုလည်းဝန်ပိစေတဲ့အတွက်ကြောင့်လည်းကောင်း၊ ကျောင်းသားများ အတွက် သင်ရိုးညွှန်းတမ်းအချိန်ဇယားနဲ့အညီ စာတတ်ဖို့အတွက်လည်း ခက်ခဲတဲ့အတွက်ကြောင့် ဒီလောက်ညံ့ဖျင်းတဲ့စီမံခန့်ခွဲမှုမျိုးကို ကျွန်တော်တို့ရဲ့အစိုးရကို ဂုဏ်သိက္ခာကျစေနိုင်တယ်လို့ ကျွန်တော်ခံစားရပါတယ်။ ဒါနဲ့ ကျွန်တော် အခြေခံပညာဦးစီးဌာနညွှန်ချုပ်နဲ့ တွေ့ပါတယ်။ တွေ့တော့ ကျွန်တော်အကြိုးအကြောင်းပြောပြတော့ သူညွှန်ကြားထားတာ နံပါတ်တစ်ဖြစ်တဲ့မိသားစုဝင် ကျောင်းချင်းသာလျှင် လုပ်ခွင့်ပြုတယ်ဆိုတဲ့အဓိပ္ပာယ်က နတလကျောင်းတို့၊ ဘကကျောင်းတို့မပါဘဲ ပညာရေးဝန်ကြီးဌာနအောက်ကျောင်းလို့သာ ပြောခြင်းဖြစ်ပါတယ်လို့ အဖြေပေးပါတယ်။ ကျန်တာ ကတော့ သူထုတ်တာမဟုတ်ဘဲနဲ့ ထပ်ဆင့်ထုတ်ထားကြောင်း ကျွန်တော့်ကို ရှင်းပြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ပညာရေးမှူးက ကျေးရွာအုပ်စုတူကျောင်းကို မိသားစုတူကျောင်းလို့ သူထင်တယ်လို့ပြောခဲ့တာပါ။ ခရိုင်ပညာရေးမှူးရဲ့ အထက်ကညွှန်ကြားချက်မှာ မပါဘဲနဲ့ အပိုဆောင်းတဲ့ညွှန်ကြားချက်ကိုလည်း ဝန်ကြီးဌာနအနေနဲ့ စိစစ်ပြီးတော့ဆုံးမဖို့အတွက် တိုက်တွန်းလိုပါတယ်။ နောက် ဤခန်းမအတွင်းမှာ ပညာရေးဝန်ကြီးဌာနက လာဖြေထားပေးတာ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျောင်းသား ၄၀ ဦးတွင် ဆရာတစ်ဦးနှုန်းခန့်နိုင်ပြီဖြစ်ကြောင်း အဲဒါပျမ်းမျှခြင်းကို ညွှန်းဆိုနေတာဖြစ်ပါတယ်။ တကယ့်မြေပြင်မှာတော့ ကျောင်းသားများပြီးတော့မှ ဆရာလေးဦးထဲရှိတာနဲ့ ကျောင်းသား ၁၀ ယောက်ကျော်ကျော်လေးနဲ့ ဆရာလေးဦးခန့်ထားတာမျိုး တွေရှိနေပါတယ်။ အဲဒီတော့ ဒီမူကိုလည်းပဲ ကျွန်တော်အနေနဲ့ ကျောင်းသားဦးရေပေါ်မူတည်ပြီးတော့ ဆရာခန့်တဲ့မူကို ချမှတ်ပေးစေလိုတဲ့အကြောင်း တိုက်တွန်းလိုပါတယ်။ ဒါကြောင့် ကျောင်းသားများ သင်ရိုးနဲ့အညီ သင်နိုင်ရေး၊ မိဘများဝန်ထုပ်ဝန်ပိုးမဖြစ်ရေးအတွက် မြို့နယ်အတွင်းပိုလျှံတဲ့ ကျောင်းတွေမှ ကျောင်းဆရာထုတ်နှုတ်၍ လိုသောကျောင်းသို့ ဖြည့်ဆည်းပေးနိုင်တဲ့လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်ပညာရေးမှူးများထံမှာ ချမှတ်ထားပေးခြင်းအားဖြင့် ကျွန်တော်တို့ လွယ်ကူ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဉာဏ်ဟိန်း၏မေးခွန်းဖြစ်သော ကျောင်းသားဦးရေ ၆၅ ဦးအောက်နည်းပါးသော အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းဆရာဆရာမဝန်ထမ်းများကို ခွင့်ယူ၍လစ်လပ်နေသော အခြေခံပညာမူလတန်းကျောင်းများသို့ ဝန်ထမ်းအင်အားယာယီထုတ်နှုတ် ဖြည့်တင်းမှုလုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်ပညာရေးမှူးများသို့ ချပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများအားလုံးသည် မိမိတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများအောက်ရှိ ခရိုင်/မြို့နယ်များတွင် ကျောင်းသားအင်အားအရ ဆရာပိုနေသော အခြေခံပညာကျောင်းများရှိပါက ၎င်းကျောင်းများမှ ဆရာဆရာမများကို ဆရာဆရာမလိုအပ်လျက်ရှိသော အခြေခံပညာကျောင်းများသို့ ယာယီသွားရောက်ကူညီသင်ကြားပေးခြင်းများကို ကျောင်းအုပ်စုအလိုက် စီမံဆောင်ရွက်ပေးရန် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်မှ ၁၁-၉-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-က)/၁၇၇၅၅/(စီမံ)ညွှန် ၂၀၁၇ ခုနှစ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများအားလုံးသို့ ညွှန်ကြားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီညွှန်ကြားချက်အရ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မွန်ပြည်နယ်ပညာရေးမှူးရုံးမှလည်း ဆက်လက်ပြီး ၁၂-၉-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-က)/၄၀၉၉/စီမံ(ညွှန်) ၁၇ ဖြင့် ကျောင်းသားအင်အားအရ ဆရာပိုနေသော အခြေခံပညာကျောင်းများမှ ဆရာဆရာမများကို ဆရာဆရာမလိုအပ်နေသော အခြေခံပညာကျောင်းများသို့ ယာယီသွားရောက်ကူညီ သင်ကြားပေးနိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်လက်ညွှန်ကြားစီမံဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် မြို့နယ်ပညာရေးမှူးရုံးများမှာ စီမံခန့်ခွဲမှုရှိနေပါကြောင်း တင်ပြအပ်ပါတယ်။

**နန်းယွန်းမြို့နယ်တွင် ဆရာ၊ ဆရာမများမရှိသဖြင့် သင်ကြားရေးလုပ်ငန်းများ မလုပ်ဆောင်နိုင်သည့် ကျေးလက်အခြေခံပညာကျောင်းများ၌ ဆရာ၊ ဆရာမများ လုံလောက်စွာ ခန့်ထား၍ ပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှဖြစ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် အခြေခံပညာကျောင်းများမှာ ပညာ

သင်ကြားရေး အပြည့်အဝရရှိနိုင်ဖို့အတွက် အဓိကလိုအပ်လျက်ရှိတဲ့ ပညာရေးဝန်ထမ်းများ အလုံအလောက်ခန့်ထားပေးနိုင်ရေးနှင့်စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်ဟာ ဝေးလံခေါင်ပါးပြီး ဖွံ့ဖြိုးတိုးတက်မှုမရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ နှစ်စဉ်ကျောင်းဖွင့်ချိန်ရောက်တိုင်း ကျောင်းဖွင့်ချိန်အမီ ဆရာဆရာမများ မရောက်လာနိုင်တာ၊ နှစ်စဉ်နှစ်တိုင်း ဆရာဆရာမများလုံလောက်မှုမရှိတာ ကျောင်းသုံးစာအုပ်တွေကို ဩဂုတ်လ၊ စက်တင်ဘာလတွေအထိတောင် ကျောင်းသားတွေလက်ထဲမှာ အပြည့်အဝမရနိုင်တာတွေက အလေ့အထတစ်ခုလိုဖြစ်နေပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျေးလက်ကျောင်းတွေမှာ ပုံနှိပ်စာအုပ်တွေအစုံအလင်မရတာ၊ ဗလာစာအုပ်တွေ အပြည့်အစုံမရတာတွေကို သုံးသပ်ကြည့်ရင် ကျောင်းသားများရဲ့အနာဂတ်အခြေအနေတွေကို ခန့်မှန်းရနိုင်ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ဟာဆိုလို့ရှိရင်လည်း ကျွန်တော်တို့မြို့နယ်အတွက် အဆိုးရွားဆုံးပညာသင်နှစ်ပဲဖြစ်ပါတယ်။ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေမှာ ပညာသင်နှစ်နှစ်တစ်ဝက်စွန်းတဲ့အချိန်အထိ ပုံနှိပ်စာအုပ်က မရှိ၊ မူလတန်းကျောင်းတွေမှာဆိုရင် ဆရာဆရာမတစ်ဦးတည်းကပဲ ဦးဆောင်သင်ကြားပေးနေကြတာကို သိရှိရပါတယ်။ နောက်တော့ ဆရာဆရာမ မလုံလောက်ပေမဲ့ အခြားကျောင်းကမျှတွဲပေးလိုက်တဲ့အခါ မူလတန်းကျောင်းမှာ ဆရာနှစ်ဦးနဲ့ သင်ကြားပေးနေရတာ အခုအတန်းတင်စာမေးပွဲဖြေရတော့မယ့်အချိန်အထိဖြစ်ပါတယ်။ ဒါတွေက ဘာကြောင့်လဲဆိုတော့ ဆရာဆရာမများရဲ့အပြောင်းအရွှေ့ကို ကျောင်းဖွင့်ချိန်မှာချပေးလိုက်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအခြေအနေတွေကြောင့် ဆရာဆရာမများရဲ့အပြောင်းအရွှေ့ကိစ္စကို ကျောင်းမဖွင့်မီမှာအပြီးအစီးဆောင်ရွက်ပေးဖို့နဲ့ ကျောင်းဖွင့်ချိန်အမီ မိမိတာဝန်ကျတဲ့မြို့နယ်၊ ကျေးရွာများမှာ အရောက်သွားနိုင်အောင် စနစ်တကျဆောင်ရွက်ပေးစေချင်ပါတယ်။ ဒီလိုမှမဟုတ်ရင် ပညာသင်ယူတဲ့ဒေသခံကျောင်းသားများအတွက် ရင်းလေးစရာပဲဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီလို ဆရာဆရာမလုံလောက်မှုမရှိတဲ့အခက်အခဲများ နှစ်စဉ်ကြုံတွေ့နေကြရတာကြောင့်ရယ်၊ မိမိဒေသမှာ တာဝန်ထမ်းဆောင်ချင်တဲ့စိတ်နဲ့ ပညာရေးဘက်မှာ စိတ်အားထက်သန်တဲ့စိတ်တို့ရှိတာကြောင့်ရယ်၊ တက္ကသိုလ်ဝင်တန်းအောင်များနဲ့ ဘွဲ့ရပြီးတဲ့ဒေသခံလူငယ်များဟာ ပညာရေးဝန်ကြီးဌာနက နေ့စားလပေးခေါ်လို့ လျှောက်လွှာတွေလည်းတင်ခဲ့ကြတယ်လို့ သိရပါတယ်။ ဒါပေမဲ့ ခန့်ထားပေးမှုထဲမှာ တစ်ယောက်မှပါမလာတာကိုလည်း တွေ့ရပါတယ်။ အမည်စာရင်းတွေသီးသန့်ပြုစုပြီးတော့ တင်ပြခဲ့ပေမဲ့လည်း ဒီနေ့အချိန်ထိ ဘာမှအကြောင်းထူးလာတာမရှိပါဘူး။ ဒါကြောင့်မို့လို့ ပညာသင်ယူနေကြတဲ့ ဒေသခံတိုင်းရင်းသားကလေးများ ကောင်းမွန်စွာပညာသင်ယူနိုင်ရေးအတွက် မေးမြန်းလိုတာကတော့ ဆရာဆရာမများအပြောင်းအရွှေ့အား ကျောင်းမဖွင့်မီ မတ်လ၊ ဧပြီလများမှာ သီးသန့်ဆောင်ရွက်ပေးပြီး ကျေးလက်ကျောင်းများတွင် ဆရာဆရာမများလုံလောက်စွာခန့်ထားပေးနိုင်ရန် မည်သို့စီမံထားရှိသည်ကို သိရှိလိုပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်သူများနဲ့ ဘွဲ့ရပြီးဒေသခံလူငယ်များအားနေ့စားလပေးခန့်ထားပေးနိုင်ရန်အစီအမံများရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝမ်းလှ၏မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်တွင် ဆရာဆရာမများမရှိသဖြင့် သင်ကြားရေးလုပ်ငန်းများမလုပ်ဆောင်နိုင်သည့် ကျေးလက်အခြေခံပညာကျောင်းများ၌ ဆရာဆရာမများလုံလောက်စွာခန့်ထား၍ ပညာအပြည့်အဝသင်ကြားပေးနိုင်ရေးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်၏မဲဆန္ဒနယ်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမြို့နယ်တွင် ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာအခြေခံပညာအထက်တန်းကျောင်းပေါင်း လေးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရှစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၇၄ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ခြောက်ကျောင်းအစရှိသဖြင့် စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ၁၁၇ ကျောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းသားနဲ့ဆရာအချိုးအနေဖြင့် အထက်ဆင့်သင်ကျောင်းသားကျောင်းသူ ၄၈၃ ဦး၊ အထက်တန်းပြဆရာ ၃၅ ဦးခန့်ထားပြီးဖြစ်သဖြင့် အထက်ဆင့်သင်ဆရာနှင့်ကျောင်းသားအချိုးမှာ ၁း၁၄၊ အလယ်ဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၃၆ ဦးရှိပြီး အလယ်တန်းပြဆရာ ၅၂ ဦးခန့်ထားပြီးဖြစ်သဖြင့် အလယ်ဆင့်သင်ဆရာနှင့် ကျောင်းသားအချိုးမှာ ၁း၃၉၊ မူလတန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၁၁၃၇၉ ဦးရှိပြီး မူလတန်းပြဆရာ ၃၉၉ ဦးခန့်ထားပြီးဖြစ်သဖြင့် မူဆင့်သင်ဆရာနှင့်ကျောင်းသားအချိုးမှာ ၁း၂၉ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ယခုပညာသင်နှစ်အတွက် ရာထူးတိုးပြောင်းများဆောင်ရွက်သည့် ၃-၈-၂၀၁၇ ရက်နေ့မှာ နန်းယွန်းမြို့နယ်အတွက် အထက်တန်းပြဆရာဆရာမ ငါးဦး၊ အလယ်တန်းပြဆရာ ၃၂ ဦး၊ နေ့စားလပေးမူလတန်းပြဆရာ ၂၉ ဦးအပါအဝင် စုစုပေါင်းဆရာဆရာမ ၁၆၇ ဦးဖြည့်ဆည်းခန့်ထားပေးပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အခြေခံပညာဆရာဆရာမများ၏ အပြောင်းအရွှေ့ရာထူးတိုးများအား ကျောင်းမဖွင့်မီအပြီးဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ကျောင်းများမှာ ဆရာဆရာမများအားလုံးကို ဖွဲ့စည်းပုံအပြည့်ခန့်ထားရေးမှာ လက်ရှိအခြေအနေအရ ခန့်ထားပေးနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခင်ရက်များမှ ကျွန်တော်တင်ပြသကဲ့သို့ ပညာရေးဝန်ကြီးဌာနမှာ ဆရာဆရာမ လိုအပ်ချက်အင်အား ၃၀၀၀၀ ကျော်ရှိပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက်တစ်နှစ်ကို ၁၀၀၀၀ စီနဲ့ သုံးနှစ်ဆက်ပြီးဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခါ ဒီဆရာဆရာမတွေရရှိရေးအတွက် ပညာရေးကောလိပ်များကိုလည်း လေးနှစ်သင်ပညာရေးကောလိပ်များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးအရည်အသွေး

မူကြမ်း

မြင့်မားရေးဟာ ဆရာတွေရဲ့အရည်အသွေးက အထူးအရေးကြီးပါတယ်။ ဒီအတွက် အရည်အသွေးပြည့်ဝသော ဆရာဆရာမများကို လေ့ကျင့်ပြီးမှ ခန့်ထားပေးရန်စီစဉ်တဲ့အတွက် နေ့စားလပေးဆရာများကိုတော့ ထပ်မံခန့်ထားခြင်းမပြုတော့ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**လက်ရေးတိုပညာမှာ လက်ရှိတိုးတက်လာသော ကွန်ပျူတာခေတ်၊ မီဒီယာခေတ်တွင် ပျောက်ကွယ်နေပြီဖြစ်ကြောင်း တွေ့ရ၍ လက်ရေးတိုပညာ ပျောက်ကွယ်မသွားစေရေး တာဝန်ရှိသူများမှ ပြန်လည်ဖော်ထုတ် သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၇၈ ခုနှစ် ဘားအံဒေသကောလိပ် ဒုတိယနှစ် ရုံးလုပ်ငန်းအတတ်ပညာဘာသာရပ်မှာ လက်နှိပ်စက်နှင့်လက်ရေးတိုကို ဘာသာရပ်တစ်ခုအနေနဲ့သင်ကြားခဲ့ဖူးပါတယ်။ စိတ်ဝင်စားဖို့ကောင်းပြီးတော့ ဒီလက်ရေးတိုပညာကို တီထွင်ဖန်တီးခဲ့တဲ့ပညာရှင်များကိုလည်း လေးစားမိပါတယ်။ ပညာရပ်တစ်ခုကို တီထွင်ဖန်တီးပြီး နိုင်ငံရဲ့လိုအပ်ချက်တစ်ခုကို အချိန်ကာလအတော်ကြာကြာအသုံးပြုနိုင်အောင် တီထွင်ဆောင်ရွက်ပေးခဲ့ကြတဲ့ လူတွေရဲ့တီထွင်ဖန်တီးမှုဟာ ခေတ်ကာလတိုးတက်လာတာနှင့်အမျှ အသုံးဝင်မှု၊ အသုံးချမှုနည်းလာပြီး တဖြည်းဖြည်းတိမ်မြုပ်ပျောက်ကွယ်သွားတော့မယ့်အနေအထားတွေ့ရပါတယ်။ ကျွန်တော်သင်ကြားခဲ့ဖူးတဲ့သင်ရိုးညွှန်းတမ်းတွေ စာတွေဟာ ၁၉၈၇ ခုနှစ် နေအိမ်မီးလောင်ခန်းထဲပါတဲ့အတွက် မတင်ပြနိုင်တော့ပါဘူး။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းနှင့်ပတ်သက်လို့ လွတ်လပ်ရေးမရမီကာလကစပြီးတော့ ရုံးဌာနတွေမှာ လက်ရေးတိုလက်နှိပ်စက်ဆိုတဲ့ရာထူးနေရာတွေ ထားရှိပါတယ်။ အထူးသဖြင့် ရုံးဌာနတွေရဲ့ အစည်းအဝေးမှတ်တမ်းတွေရေးတဲ့နေရာ၊ တရားရုံးတွေမှာ တရားလို၊ တရားပြိုင်တွေ အပြန်အလှန်ပြောဆိုမှုတွေကို အလျင်အမြန်ရေးမှတ်နိုင်ဖို့အတွက်ကို လက်ရေးတိုပညာကို အသုံးပြုကြရပါတယ်။ လက်ရှိကာလဟာ ကွန်ပျူတာပညာ၊ IT၊ မီဒီယာစတာတွေကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ လက်နှိပ်စက်လက်ရေးတိုကို အသုံးပြုလာကြတာတွေလည်း အတော်လေးနည်းလာတဲ့အနေအထားလေးတွေ တွေ့ရပါတယ်။ လက်ရေးတိုပညာကို တီထွင်ဖန်တီးခဲ့တဲ့ဆေးပညာရှင်တွေကို လေးစားမိတဲ့အတွက် လက်ရှိကာလအသုံးမပြုကြတော့တဲ့ ပညာရပ်တစ်ခု တိမ်မြုပ်ပျောက်ကွယ်သွားမှာကို မဖြစ်စေလိုတဲ့ဆန္ဒရှိတာကြောင့် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတာကတော့ လက်ရေးတိုပညာတိမ်မြုပ်ပျောက်ကွယ်မသွားစေဖို့အတွက် ပြန်လည်ဖော်ထုတ်သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ဘယ်လိုသင်တန်းကျောင်းတွေမှာ သင်ကြားပေးဖို့ စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ကရင်ပြည်နယ် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်ချို့ရဲ့ မေးခွန်းဖြစ်သော မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကာလမှစတင်၍ ရုံး၊ ဌာနများတွင် ရာထူးတစ်ခုအဖြစ် သတ်မှတ်ကျင့်သုံးခဲ့သော လက်ရေးတိုလက်နှိပ်စက်ရာထူးမှ လက်ရေးတိုပညာမှာ လက်ရှိတိုးတက်လာသော ကွန်ပျူတာခေတ်၊ မီဒီယာခေတ်တွင် ပျောက်ကွယ်နေပြီဖြစ်ကြောင်း တွေ့ရှိရ၍ လက်ရေးတိုပညာ ပျောက်ကွယ်မသွားစေရေး တာဝန်ရှိသူများမှ ပြန်လည်ဖော်ထုတ်သင်ကြားပေးမှုများ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မည်သည့်သင်တန်းကျောင်းများတွင် ထည့်သွင်းပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်ထောင်စုသမ္မတရုံးမြန်မာနိုင်ငံတော် အစိုးရရုံးဌာနအသီးသီးတွင် အငယ်တန်းလက်နှိပ်စက်စာရေး၊ အထက်တန်းလက်နှိပ်စက်စာရေး၊ လက်ရေးတိုလက်နှိပ်စက်စာရေး ရာထူးများကို လွန်ခဲ့သောနှစ် ၃၀ ကျော်ခန့် ခန့်ထားမှုများရှိခဲ့ပြီး အစည်းအဝေးမှတ်တမ်းများရေးသားရာတွင် မြန်ဆန်လွယ်ကူမှုရှိစေရန် အသုံးပြုဆောင်ရွက်ခဲ့ကြပါတယ်။ လက်ရေးတိုလက်နှိပ်စက်ပညာရပ်သည် လက်ရှိကာလတွင် အသုံးပြုမှုအထူးနည်းပါးသွားပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယနေ့ခေတ်အချိန်အခါသည် နည်းပညာရပ်များ အလွန်တိုးတက်သောအချိန်အခါဖြစ်သည့်အတွက် လက်နှိပ်စက်အစား ကွန်ပျူတာကို အစားထိုးပြီး အလေးထားသုံးစွဲလာပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် အစည်းအဝေးများ၊ အခန်းအနားများတွင် တင်ပြဆွေးနွေးချက်၊ ပြောဆိုဆွေးနွေးချက်များကို မှတ်တမ်းတင်ရာတွင် ခေတ်မီအသံဖမ်းစက်များ၊ ခေတ်မီရုပ်သံဖမ်းစက်များ အသုံးပြု၍ ခိုင်လုံသော မှတ်တမ်းများဖြင့်ဆောင်ရွက်နိုင်တဲ့အခြေအနေကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ယခုကဲ့သို့ ခေတ်မီကွန်ပျူတာနှင့် စက်ကိရိယာများကို အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ မှတ်တမ်းများစွာကို ထိန်းသိမ်းထားနိုင်ခြင်း၊ အမှားအယွင်းရှိပါက ပြင်ဆင်ရန်လွယ်ကူခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိနေပြီဖြစ်ပါတယ်။ ရုံး၊ ဌာနချင်း ဆက်သွယ်ဆောင်ရွက်ရာမှာလည်း အင်တာနက်ကိုအသုံးပြုပြီး Electronic Document Management System (EDMS) အကျိုးကျေးဇူးများ အီးမေးလ်စသည်တို့ကို လွယ်လင့်တကူ အချိန်တိုအတွင်း ပေးပို့ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ အခြေအနေနှင့်အညီ ကွန်ပျူတာ၊ အင်တာနက်များကို အသုံးပြုပြီး Government Personal Management System (GPMS)၊ Electronic Document Management System (EDMS) စနစ်များကို ချိတ်ဆက်အသုံးပြုလာခြင်းဖြင့် ဝန်ထမ်းရေးရာ အချက်အလက်များ သိမ်းဆည်းရာတွင်လုံခြုံမှုရှိခြင်း၊ လိုအပ်ချက်နှင့်အညီ သင့်လျော်သောဝန်ထမ်းများအား တာဝန်ပေးနိုင်ခြင်း၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုများ ဆုံးဖြတ်ရာတွင်အချက်အလက်ထောက်ပံ့ရရှိနိုင်ခြင်း၊ အစိုးရဌာနချင်းဆိုင်ရာ အဖွဲ့အစည်းအချင်းချင်း Online ချိတ်ဆက်၍ စာပေးစာယူလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ သတင်းအချက်အလက်များဖလှယ်နိုင်ခြင်း၊ အီလက်ထရွန်းနစ်စာရွက်စာတမ်းများ စီမံခန့်ခွဲနိုင်ခြင်းအစရှိသဖြင့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ထိရောက်လွယ်ကူလုံခြုံစွာ စီမံ

ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ ဒီအတွက် လက်ရေးတိုပညာရပ်ကို ဘာသာရပ်တစ်ရပ်အဖြစ် ပြန်လည်ဖော်ထုတ်သင်ကြားရန် အစီအစဉ်မရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**နေပြည်တော်တွင် အဆင့်မြင့်တက္ကသိုလ်တစ်ခုကို နိုင်ငံ၏လိုအပ်ချက်၊ မြို့တော်အင်္ဂါ၏လိုအပ်ချက်၊ ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အားလျော်စွာ ဖွင့်လှစ်တည်ထောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်က ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ဖြစ်ပါတယ်။ ပြည်သူများရဲ့ကိုယ်စား၊ ပညာရှင်၊ ပညာတတ်တို့ရဲ့ ပညာဆည်းပူးလိုသူတို့ရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နေပြည်တော်တွင် အဆင့်မြင့်တက္ကသိုလ်တစ်ခုကို နိုင်ငံရဲ့လိုအပ်ချက်၊ မြို့တော်အင်္ဂါ၏လိုအပ်ချက်နှင့် ပညာရေးဝန်ကြီးဌာန၏လိုအပ်ချက်အားလျော်စွာ ဖွင့်လှစ်တည်ထောင်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ မေးမြန်းရခြင်းရဲ့အကြောင်းကတော့ အဆင့်နိမ့်ကျနေသော မြန်မာ့ပညာရေးကို မြှင့်တင်ဖို့၊ နိုင်ငံအဆင့်အတန်းမီလာဖို့အတွက် Comprehension Education Sector Review (CESR) (ဘက်စုံလွှမ်းခြုံသောပညာရေးဆန်းစစ်မှု)နဲ့လည်း KG + 12 Education ကိုလည်း စနေတာဖြင့် သုံးနှစ်ရှိနေပါပြီ။ National Education Strategic Plan (NESP) (အမျိုးသားပညာရေးစီမံကိန်း)ကိုလည်း (၂၀၁၆-၂၀၂၁) မျှော်မှန်းချက်နှင့်အညီ အရည်အသွေးမြှင့်ပညာရေး (Quality Education)၊ အခွင့်အလမ်းပွင့် (Access to Education) ပညာရေးကိုလည်း ကြိုးပမ်းနေချိန်ဖြစ်ပါတယ်။ Education Promoting Long Term Plan Program အရ ၂၀၀၀-၂၀၀၁၊ ၂၀၃၀ Long Term Plan အရလည်း ငါးနှစ်စီမံကိန်း ခြောက်ဖြတ်မှာ စတုတ္ထကာလသို့ ရောက်ရှိနေပါပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုကိုယ်စားပြုသည့် နေပြည်တော်မြို့ကြီးမှာ နိုင်ငံ့ဂုဏ်ကိုဖော်ဆောင်နိုင်သော နိုင်ငံတကာအဆင့်မီ လွှတ်တော်ကြီးများ၊ ဝန်ကြီးဌာနကြီးများ၊ ထည်ဝါသောအဆောက်အဦကြီးများ၊ ဟိုတယ်ဇုန်များ၊ ဆီမီးရောင်ထိန်များ၊ လမ်းကြီးလမ်းငယ် အသွယ်သွယ်နဲ့ ရေမြေတောတောင်၊ ဂရိုင်၊ စိမ့်စမ်း၊ မာလာပန်းတွေနဲ့ ရောင်စုံယှက်သန်း အသေရေလွှမ်းနေတဲ့ပန်းတွေလည်း ရှိနေပါတယ်။ နိုင်ငံတကာအဆင့်မီတက္ကသိုလ်ကြီးမဖြစ်စေကာမူ မြို့ကြီးပြကြီးဂုဏ်အင်္ဂါနဲ့လိုက်ဖက်သော အနုပညာ မြန်မာ့ယဉ်ကျေးမှုလက်ရာမြောက်သော အဆင့်အတန်းမီတက္ကသိုလ်ကြီးတစ်ခုဖွင့်လှစ်ထူထောင်ပေးဖို့ အမှန်တကယ်လိုအပ်နေပါတယ်။

နေပြည်တော်ဟာ ရာဇဌာနီ မင်းနေပြည် ဂုဏ်အင်္ဂါနဲ့ပြည့်စုံခြင်း၊ ကျယ်ဝန်းခြင်း၊ ခန့်ထည်ခြင်း၊ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ စိတ်ငြိမ်ခြင်းဆိုတဲ့ ကျက်သရေတွေနဲ့ ပြည့်စုံနေတာမို့ ပညာရှိ၊ ပညာရှင်၊ ပညာတတ်များသာမက ပညာကို တစိုက်မတ်မတ်ဆည်းပူးလေ့လာသူအပေါင်းတို့ သင်ကြားမှု၊ သင်ယူမှု၊ လုပ်ငန်းစဉ်တွေကို ဆက်လက်ပြီးကြိုးပမ်းဖို့ ဘူမိနက်သန် နေရာမှန်ဖြစ်တာမို့ Very Very Excellent University အဆင့်မြင့်တက္ကသိုလ်ကြီးကို တည်ထောင်ပေးဖို့ လိုအပ်နေပါတယ်ခင်ဗျား။ ယနေ့ Knowledge ပညာ့ခေတ်မှာ Education is many thing ပညာရေးဟာ ရတနာ အသီးတစ်ရာ အညွှာတစ်ခုပါ။ ပညာရေးသည် နိုင်ငံတည်ဆောက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး

တိုးတက်မြင့်မားလာရေး၊ လူမှုဘဝမြှင့်တင်ရေး၊ တိုင်းပြည်အေးချမ်းသာယာရေး၊ နိုင်ငံ့သည်းခြာရင်သွေးရတနာများ၊ လူသားအရင်းအမြစ်များ မွေးထုတ်ရေး၊ အနာဂတ်ခေါင်းဆောင်များ မွေးထုတ်ပေးနေတာမို့ အဆင့်မြင့်တက္ကသိုလ်တစ်ခု၊ အဆင့်အတန်းရှိတဲ့ တက္ကသိုလ်တစ်ခုကို ဖွင့်လှစ်ပေးရန်အချိန်တန်ပါပြီ။

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ပညာရေးကောလိပ် ၂၅ ခုအပါအဝင် တက္ကသိုလ်၊ ကောလိပ် ၁၆၀ ခုရှိနေပါတယ်။ ဒါတွေအားလုံးဟာ Spiritual Life and Material Life ခေါ်တဲ့ ရုပ်ပိုင်းဆိုင်ရာ ဥပမိရော၊ အနှစ်သာရပိုင်းပါ မြှင့်တင်ပေးဖို့ လိုအပ်နေပါတယ်။ တစ်ချိန်က ရန်ကုန်တက္ကသိုလ်ဟာ အရှေ့တောင်အာရှမှာ အကောင်းဆုံးတက္ကသိုလ်ဖြစ်နေတယ်။ အာဆီယံနိုင်ငံများမှာအကောင်းဆုံး၊ စင်ကာပူဝန်ကြီးချုပ်က တစ်ချိန်က ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်ကို နေချင်ပေမဲ့ တက်ခွင့်မရခဲ့ပါဘူး။ ယနေ့ အာဆီယံနိုင်ငံအတွင်းမှာ Art and Humanity ၊ Engeneering and Technology ၊ Agriculture and Foresting ၊ Natural Science Empiromented Science ၊ Social Science စသည့် စသည့် Lincwaste စသည်ဖြင့် ဘာသာရပ်တွေကို သင်ကြားပို့ချနေတာဟာ အာဆီယံနိုင်ငံတွေမှာ စင်ကာပူသာ ရှေ့တန်းကရောက်ပြီးတော့ ဒုတိယလိုက်တဲ့နိုင်ငံတွေက ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတွေဖြစ်ပါတယ်။ ကမ္ဘာ့ Top Ten The Best University in the World မှာဆိုရင် ၁၀၉၆ ခုနှစ်ကရှိခဲ့တဲ့ University of Oxford က ယနေ့တိုင်အောင် နံပါတ်(၁) နေရာမှာယူနေဆဲ။ ကမ္ဘာ့ Top Ten ထဲမှာဆိုရင် USA ကဆိုရင် ခြောက်ခု၊ United Kingdom ကဆိုရင် သုံးခု၊ ဆွတ်ဇာလန်နိုင်ငံကဆိုရင် တစ်ခု၊ ကမ္ဘာ့ Top Ten နိုင်ငံကြီးတွေက ယနေ့တိုင်အောင် ကြာလေ၊ ဟောင်းလေကောင်းလေ၊ ဟောင်းလေသစ်လေဖြစ်နေခြင်းဟာ ဘာကြောင့်လဲ။ ဒါကြောင့် မြန်မာနိုင်ငံမှာ အဆင့်မြင့်ပညာတတ်တို့ရဲ့ ဆက်လက်ရှင်သန်ဖို့၊ ပညာတတ်၊ ပညာရှိအားလုံးတို့ရဲ့ ဆက်လက်ဆည်းပူးဖို့၊ ပညာသင်ယူလိုသူတို့အားလုံး ဆည်းပူးလေ့လာနိုင်သော၊ အဆင့်အတန်းရှိသော နိုင်ငံတကာအဆင့်မီသော မြန်မာ့အနုပညာလက်မှု၊ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေပါဝင်တဲ့ အင်မတန် Very Very Excellent University ကြီးကို နေပြည်တော်မှာ တည်ထောင်ပေးဖို့သင့်တယ်လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးတာမဟုတ်ဘူး။ ပြောကြားရင်း နိဂုံးချုပ်တာ။ အဲဒီတော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနက ဖြေကြားပါ။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်လှ၏ မေးခွန်းဖြစ်သော ပြည်ထောင်စုအဆင့် နေပြည်တော်မြို့တွင် အဆင့်မြင့်တက္ကသိုလ်တစ်ခုကို နိုင်ငံ၏လိုအပ်ချက်၊ မြို့တော်အင်္ဂါ၏လိုအပ်ချက်နှင့် ပညာရေးဝန်ကြီးဌာန၏လိုအပ်ချက်အားလျော်စွာ ဖွင့်လှစ်တည်ထောင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းအပေါ် ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်

ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ နေပြည်တော်ဝန်းကျင်ရှိ ကျောင်းသားကျောင်းသူများ၊ အသက်မွေးဝမ်းကျောင်းပညာကို သင်ယူလိုကြသော ကျောင်းသားကျောင်းသူများ၏ ပညာသင်ယူရေးကို အထောက်အကူပြုစေဖို့ အတတ်ပညာပေါင်းစုံ၊ ပညာရပ်ပေါင်းစုံ၊ အသက်မွေးဝမ်းကျောင်းပညာပေါင်းစုံ၊ လုပ်ငန်းခွင် အတတ်ပညာပေါင်းစုံ အစရှိသဖြင့် ဒေသ၏လိုအပ်ချက်ကို ကိုက်ညီဖြည့်ဆည်းပေးနိုင်မယ့် Comprehensive University တစ်ခုဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ဒီ Comprehensive University နှင့် လိုက်လျောညီထွေရှိမည့် မြေနေရာအကျယ်အဝန်း၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူကောင်းမွန်မှု၊ မြေနေရာအခြေအနေပေးမှု အစရှိတဲ့ အင်္ဂါရပ်များနဲ့ပြည့်စုံတဲ့ နေရာရရှိမှုတို့အတွက် နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ မြေနေရာ သတ်မှတ်ပြီးလျှင် တက္ကသိုလ်ဖွင့်လှစ်နိုင်ဖို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် လိုအပ်သောဘဏ္ဍာငွေကို တွက်ချက်တင်ပြမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ဘဏ္ဍာငွေခွင့်ပြုချက်ရသည့်အချိန်မှစ၍ တက္ကသိုလ်ထူထောင်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ထားဝယ်မြို့နယ်၊ ကျောက်ရပ်ရွာအခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ရွာအခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ရွာအခြေခံပညာမူလတန်းကျောင်းမှာ ၁၉၅၄ ခုနှစ်ကစပြီးတော့ အဲဒီခေတ်ကဆိုရင် ပြည်တော်သာခေတ်လို့ခေါ်ပါတယ်။ ပြည်တော်သာခေတ်ကနေ ပြည်တော်သာကျောင်းအဖြစ်၊ တစ်နည်းအားဖြင့် အစိုးရကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ရာ အခုဆိုရင် ၆၄ နှစ်ရှိပြီဖြစ်ပါတယ်။ ကျောက်ရပ်ရွာအနီးမှာရှိတဲ့ ပေါက်တိုင်းကျေးရွာမှအပ ဝမော်ရွာ၊ တောနားရွာနှင့် ပုလွေရှောင်ရွာနှင့် ဆောင်းနှင်းပြင်ကျေးရွာများမှာ ယခင်က မူလတန်းကျောင်းများ မရှိခဲ့ပါဘူး။ နောက်ပိုင်းမှာ အိမ်ခြေမည်မျှရှိလျှင် ကျောင်းတစ်ကျောင်းဖွင့်ရမယ်လို့ မူအရ အဆိုပါရွာများမှာ မူလတန်းကျောင်းများ ရှိလာခဲ့ပါတယ်။ ကျောက်ရပ်ရွာမူလတန်းကျောင်းမှာ လက်ရှိကျောင်းသားကျောင်းသူပေါင်း ၅၄ ဦးရှိပြီးတော့ ပေါက်တိုင်းရွာတွင် ၅၅ ဦး၊ ဝမော်ရွာတွင် ၃၉ ဦး၊ တောနားရွာတွင် ၃၁ ဦးနှင့် ပုလွေရှောင်ရွာတွင် ၃၀ ဦး၊ ဆောင်းနှင်းပြင်တွင် ၃၇ ဦး စုစုပေါင်း ၂၄၆ ဦးရှိကြောင်းနှင့် အဆိုပါခြောက်ရွာရှိ အိမ်ထောင်စုပေါင်းမှာ ၅၇၇ စုနှင့် လူဦးရေ ၃၂၅၂ ဦးရှိကြောင်းလည်း သိရပါတယ်။ အဆိုပါခြောက်ရွာမှာ

စတုတ္ထတန်းအောင်ကျောင်းသူကျောင်းသားများမှာ အလယ်တန်းပညာကို သင်ကြားလိုလျှင် မြို့ပေါ် ကနေပြီးတော့ အ.ထ.ကကျောင်းနှင့် ၃၊ ၄၊ ၅ မိုင်ဝေးတဲ့ခရီးကို စက်ဘီး၊ ဆိုင်ကယ်၊ ကားများဖြင့် သွားရောက်ရတဲ့အခါမှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များနှင့် ကုန်ကျစရိတ်များ စသည့်အခက် အခဲများရှိသည်ကို တွေ့ရပါတယ်။ အဲဒီအခက်အခဲတွေများကြောင့် ကျောင်းမှ စတုတ္ထတန်းအောင်မြင် ပြီး ကျောင်းထွက်ရသည့် ကလေးများ များစွာရှိကြောင်းလည်း ကျွန်တော်သိရပါတယ်။ အမှန်ကတော့ ကျောက်ရပ်ရွာမူလတန်းကျောင်းနေရာသည် မြေနေရာ၊ အဆောက်အအုံ အချက်အချာကြတဲ့နေရာ လည်းဖြစ်ပါတယ်။ အမှန်ကတော့ အနည်းဆုံးအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးသင့်သည့် နေရာလည်းဖြစ်ပါလျက် ဘာကြောင့် ယနေ့အထိ မူလတန်းကျောင်းဖြစ်နေရတယ်ဆိုတာ ကျွန်တော်တို့ မသိပါဘူး။ ကျောင်းသားဦးရေကြောင့်လား၊ ဒါမှမဟုတ် ဘဏ္ဍာရေးကြောင့်လားဆိုတာလည်း ကျွန်တော်တို့ သေချာမသိရပါဘူး။ ဒါကြောင့်မို့လို့ မူလတန်းကျောင်းအဆင့်ပင်ရှိနေသေးတဲ့ ကျောင်းတော်ကြီးကို ယနေ့အထိ မူလတန်းကျောင်းအနီးမှာရှိတဲ့ အရန်ကျောင်းငါးကျောင်းလည်း ရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် မူလတန်းလွန်ကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်သင့်တဲ့ကျောင်းလည်း ဖြစ်ပါတယ်။ ကျောက်ရပ်ရွာမူလတန်းကျောင်းလူထုကလည်း ပညာရေးကိုစိတ်ဝင်စားတယ်၊ အားပေး ပြီးတော့ အကျိုးတော်ဆောင်အဖွဲ့များနှင့် မိဘဆရာအသင်းများ ဦးဆောင်ကာ ရပ်သူရွာသားများက ကျောင်းအဆောက်အအုံ၊ ပရိဘောဂများ၊ ကျောင်း၏အခြားလိုအပ်ချက်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း သိရပါတယ်။ တကယ်လို့ ကျောက်ရပ်ရွာမူလတန်းကျောင်း ကို မူလတန်းလွန်ကျောင်းအဖြစ် ဖွင့်လှစ်ပေးပါက ကျောက်ရပ်ရွာနှင့် အနီးအနားမှ အရန်ကျောင်းများ မှာ ကျောင်းသူကျောင်းသားများနှင့် မိဘများလည်း အတိုင်းမသိဝမ်းမြောက်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်စိန်၏မေးခွန်းဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံ ပညာမူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်း ပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း ၅၀၉၉ ကျောင်း သက်ဆိုင် ရာကျောင်းအဆင့်အသီးသီးသို့ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်ဖြစ်သော ထားဝယ်မြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း စုစုပေါင်း အခြေခံပညာ ၁၇ ကျောင်း အဆင့်တိုးမြှင့်

ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အနေနဲ့ အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မှုမှာ ဒီကျောင်းမှာ မူလတန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၅၀ ဦးနှင့်အထက်ရှိရပါမယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ကျေးရွာအခြေခံပညာမူလတန်းကျောင်းမှာ မူလတန်းအဆင့်သင် ကျောင်းသားကျောင်းသူ ၅၄ ဦးပဲ ရှိပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ပင်မကျောင်းဖြစ်တဲ့ ထားဝယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် သုံးမိုင် ကွာဝေးပြီး သွားရေးလာရေးအခက်အခဲရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒီအတွက် သတ်မှတ်ချက်ကို ဖြေလျှော့ပြီးတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ဒေသခံပြည်သူပြည်သားများ၏ဆန္ဒလိုအပ်ချက်အရလည်းကောင်း၊ သွားရေးလာရေးအခက်အခဲများကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်မူလတန်းငါးကျောင်းအတွက်ပါ အကျိုးရှိမယ့်အတွက် လာမယ့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ကျေးရွာ အခြေခံမူလတန်းကျောင်းအား အလယ်တန်းပညာဆက်လက်သင်ကြားနိုင်ရန် မူလတန်းလွန်ကျောင်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင်မဲဆန္ဒနယ်က ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သောအကောင်အထည်ဖော်ဆောင်ရွက်မှုများကိုပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးအောင်သောင်းရွှေအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အားလုံးကို သာလီစွပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေပါ။ ဒီအဆိုကို ဆဌမပုံမှန်အစည်းအဝေး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့က တင်သွင်းခဲ့တာဖြစ်ပါတယ်။ အခုလိုတင်သွင်းခွင့်ပြုတဲ့ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်များမှာ လတ်တလောဖြစ်ပေါ်နေတဲ့ ဒေသခံပြည်သူများရဲ့ စိုးရိမ်ထိတ်လန့်မှုများ

ဟာ ၁၉၄၂ ခုနှစ်က ရခိုင်တိုင်းရင်းသားများ၊ မျိုးတုန်းသတ်ဖြတ်ခံခဲ့ရမှုအခြေအနေနှင့် တစ်ထပ်တည်း တူညီနေပါတယ်။ အဆိုပါဒေသနေ ရခိုင်တိုင်းရင်းသားများရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းမလုံခြုံမှုများ၊ စိုးရိမ်သောကဖြစ်ရမှုများ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေခြင်းတို့ကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုမြင့်မားလျက်ရှိနေပြီး၊ မိမိတို့နေရပ်ဒေသသို့ပြန်လည်အခြေစိုက်နေထိုင်နိုင်ရန် စိုးရိမ်ကြောက်ရွံ့လျက်ရှိနေပါတယ်။ ထိုသို့ ဌာနေ တိုင်းရင်းသားများ နေရပ်စွန့်ခွာနေရခြင်းမှာ တစ်ဘက်နိုင်ငံမှ တရားမဝင်ရောက်လာသူများ အလွန်များပြားလာတဲ့အတွက် လူဦးရေအချိုးမညီမျှမှုတို့ကြောင့် ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခံရခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ထိုဒေသကို ကပ်ချ်မီးယား၊ ကိုဆိုဗို၊ ခရိုင်၊ မီးယားဒေသကဲ့သို့ ဖြစ်လာမည်ကို ရခိုင်ပြည်သူများ၏စိတ်ထဲမှာ အထူးစိုးရိမ်ပူပင်သောက ရောက်နေကြရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဒေသရှိ တိုင်းရင်းသားပြည်သူများရဲ့ အသက်၊ အိုးအိမ်လုံခြုံရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေတို၊ ရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်ကာ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ဖို့ နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတာဝန်ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ပြည်သူတို့ရဲ့ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတို့၏တာဝန်ဖြစ်သည်ဟုလည်းကောင်း ဖော်ပြထားရာ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူများနှင့်ပူးပေါင်းပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် နယ်မြေကာကွယ်စောင့်ရှောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိနေပါတယ်။ အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများဟာ ၁၉၄၂ ခုနှစ်က လူပေါင်း ၂၀၀၀၀ ကျော်ခန့်သတ်ဖြတ်ခံခဲ့ရပြီး အသက်မသေဘဲကျန်သူများမှာ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရပါတယ်။ ထိုစဉ်က မောင်တောမြို့နယ်မှာ ရခိုင်တိုင်းရင်းသားကျေးရွာပေါင်း ၁၂၉ ရွာ မီးရှို့ခံခဲ့ရပြီး ၉၈ ရွာကို ပြန်လည်ထူထောင်နိုင်ခြင်းမရှိတော့ပါ။ ဘူးသီးတောင်မြို့နယ်မှာ ၂၁၇ ရွာ မီးရှို့ဖျက်ဆီးခံရပြီး ၁၁၆ ရွာ ပြန်လည်ထူထောင်နိုင်ခြင်းမရှိတော့ပါ။ ယခုတိုင် ထိုကျေးရွာများမှာ ဘင်္ဂါလီများဝင်ရောက်နေထိုင်လျက်ရှိသော်လည်း ကျေးရွာများအမည်မှာ ရခိုင်အမည်များဖြင့် တည်ရှိနေတာကို တွေ့မြင်နိုင်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ မူဂျာဟစ်သူပုန်များဘေးဒဏ်ကြောင့် ရခိုင်တိုင်းရင်းသားများ မိမိတို့ရပ်ရွာကို စွန့်ခွာကာ ပြောင်းရွှေ့သွားကြတဲ့အတွက် ထိုဒေသအတွင်း တိုင်းရင်းသားလူဦးရေများ တစ်စတစ်စနည်းသွားခဲ့ရခြင်း ဖြစ်ပါတယ်။ ဤဒေသအတွင်း ရခိုင်တိုင်းရင်းသားလူဦးရေနှင့် နိုင်ငံသားမဟုတ်သူ ဘင်္ဂါလီမူဆလင်များ၏ လူဦးရေတစ်ဖက်စောင်းနင်းဖြစ်နေခြင်းဟာ နောက်ထပ်အကြမ်းဖက်မှုများပေါ်ပေါက်လာစေမည့် အဓိကအကြောင်းအရင်းတစ်ခုပင် ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် တိုင်းရင်းသားကျေးရွာများ မီးရှို့ဖျက်ဆီးခံရခြင်း၊ အပြစ်မဲ့ပြည်သူများကို ရက်စက်စွာသတ်ဖြတ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် နယ်ခြားစောင့်စခန်းသုံးခုကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ အစိုးရနယ်ခြားစောင့်ရဲဌာနချုပ်အပါအဝင် ရဲစခန်း ၃၀ ကျော်ကို တိုက်ခိုက်သိမ်းပိုက်ခြင်းသည် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏လုံခြုံရေးကို တိုက်ရိုက်ရန်ပြုခြင်းပင်ဖြစ်ပါတယ်။

ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို ရက်စက်စွာသတ်ဖြတ်ခြင်းဟာ ဒေသခံပြည်သူများနေရပ်စွန့်ခွာထွက်ပြေးစေရန် အကြောင်းရင်းများသာဖြစ်ပါတယ်။ ကုလသမဂ္ဂဌာနေတိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကြေ်ငြာစာတမ်းပါ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆုံးရှုံးနေရခြင်း၊ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါရပိုင်ခွင့်များ ဆုံးရှုံးနေရခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အဆိုပါဒေသနေဌာနေတိုင်းရင်းသားများရဲ့ ဆုံးရှုံးနေတဲ့ အခွင့်အရေးများ နောက်ထပ်မဖြစ်ပေါ်စေရန် နိုင်ငံတော်အစိုးရအနေနဲ့ စီမံကိန်းစီမံချက်များကို အရေးတကြီးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသများရဲ့ ပြဿနာများကို ဖြေရှင်းရန် အစိုးရအဆက်ဆက်ရဲ့ကြိုးပမ်းဆောင်ရွက်မှုများကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် (၁) လွတ်လပ်ရေးရပြီး ခေတ်ကာလက အဆိုပါဒေသအတွင်း ဖျက်ဆီးခံခဲ့ရတဲ့ တိုင်းရင်းသားရပ်ရွာများကို ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်ခဲ့သော်လည်း မူဂျာဟစ်သူပုန်များ သောင်းကျန်းမှုကြောင့် အောင်မြင်မှုမရှိခဲ့ပါ။ (၂) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က အဆိုပါ ဒေသပြန်လည်ထူထောင်ရေးအတွက်ဆောင်ရွက်ရန် နိုင်ငံတော်ကောင်စီဝင် ဦးလှထွန်းဖြူရဲ့ ရခိုင်ပြည်နယ်အစီရင်ခံစာပါအကြံပြုချက်အချို့ကို ဖော်ပြရမယ်ဆိုလို့ရှိရင် (၁) စစ်ကြိုခေတ် သို့မဟုတ် စစ်ပြီးခေတ်နေထိုင်ခဲ့တဲ့ ရခိုင်တိုင်းရင်းသားကျေးရွာများကို ပြန်လည်နေရာချထားပေးပြီး ၎င်းတို့အား ယခင်ပိုင်ဆိုင်ခဲ့သော လယ်မြေများနှင့်တကွ အခြားသီးနှံစိုက်ပျိုးရေးအတွက် အကူအညီပေးရန်၊ (၂) အခြားနေထိုင်လိုသော ရခိုင်၊ မြန်မာ၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးရန်၊ (၃) မူဆလင်များထပ်မံခြိမ်းခြောက်ခြင်းမပြုနိုင်အောင် လိုအပ်သော နေရာများတွင် တပ်ခွဲ၊ တပ်စိတ်၊ လုံလောက်သောအစောင့်အရှောက်များ လိုအပ်သော အချိန်ကာလအထိ ထားရှိပေးရန်၊ (၄) တစိမ့်စိမ့်ဝင်နေသောမူဆလင်များအား နောက်ထပ်မဝင်နိုင်အောင် အမြန်ဆုံးနည်းလမ်းရှာဟန့်တားဖို့ ကျေးရွာအသီးသီးကိုတပ်မတော်အပါအဝင် ပြည်နယ်၊ မြို့နယ်၊ ကောင်စီများနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့မှ နှစ်လတစ်ကြိမ် မြို့နယ်အလိုက် လူစိမ်းများကို ရှာဖွေအရေးယူဆောင်ရွက်ပေးရန်၊ (၅) ထိုအချိန်က ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေကို မပြဋ္ဌာန်းသေးသောကြောင့် ဥပဒေကိုအမြန်ဆုံး ပြင်ဆင်ပြဋ္ဌာန်းပေးရန်၊ (၆) အခွန်အကောက်မရဘဲ ခိုးဝင်၊ ခိုးသွင်းလုပ်နေသော ကုန်ပစ္စည်းများကို အခွန်ရရှိနိုင်ရန်အတွက် ဘူးသီးတောင် သို့မဟုတ် မောင်တောတွင် သွင်းကုန်ထုတ်ကုန်လိုင်စင်ထုတ်ပေးရေးဌာနတစ်ခုဖွင့်ပြီး အကြီးအကဲတစ်ဦးခန့်ထားပေးရန်စသည်တို့ပါဝင်သော အကြံပြုတိုက်တွန်းချက်များကို အစိုးရအဖွဲ့ထံသို့ တင်ပြခဲ့သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့ပါ။ တပ်မတော်အစိုးရ အုပ်ချုပ်စဉ်ခေတ်ကာလက ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်မဒေသမှလူများကိုခေါ်ယူပြီး န.တ.လစံပြကျေးရွာများကို တည်ထောင်ပေးခဲ့သော်လည်း အောင်မြင်သင့်သလောက်မအောင်မြင်မှုများရှိခဲ့ပါတယ်။ ယခု ဒီမိုကရေစီခေတ်အစိုးရသစ်လက်ထက်မှာ အဆိုပါဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာမှာ အထက်က ဖော်ပြခဲ့တဲ့ အစိုးရအဆက်ဆက်များရဲ့ဆောင်ရွက်ခဲ့မှုများဖြစ်မှ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီးတော့မှ

လက်ရှိအနေခြအနေနှင့် အနာဂတ်အတွက် ရှေးရှုပြီး ရေရှည်တည်တံ့ခိုင်မြဲသော ထူထောင်ရေး လုပ်ငန်းဖြစ်အောင် အကောင်းအဆုံး ဆောင်ရွက်ပေးပါရန် လိုအပ်နေပါကြောင်း တိုက်တွန်းအပ်ပါ တယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၃၅၆ တွင် နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ပေးရမည်ဟု ဖော်ပြထားရာ အဆိုပါဒေသနေ တိုင်းရင်းသားပြည်သူများ ရေရှည်ရပ်တည်နိုင်ရေးအတွက် သူတို့၏ပိုင်ဆိုင်မှုများကို ဒေသန္တရဥပဒေတစ်ရပ်ပြဋ္ဌာန်း ထိန်းသိမ်း ပေးသင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)ဒေသ ပြန်လည် ထူထောင်ရေးလုပ်ငန်းဟာ နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် တစ်ထပ်တည်းတစ်ဆက်တည်း အကျိုးသက်ရောက်လျက်ရှိနေပါတယ်။ အဆိုပါဒေသနေတိုင်းရင်းသားပြည်သူများရဲ့ အသက်အိုးအိမ်လုံခြုံမှုကိုရရှိပြီး လူမှုဘဝဖွံ့ဖြိုး တိုးတက် လာပါမှ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေသခံတိုင်းရင်းသားများကိုစုစည်းပြီး ရပ်ရွာသစ်များပြန်လည်ထူထောင် ပေးရန် အထူးလိုအပ်လျက်ရှိနေပါတယ်။ သို့မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ဆောင်ပြီး စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာမည်ဖြစ်ကြောင်း မျှော်လင့်မိပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားများရဲ့ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသောလူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားများ၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သော အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြုလုပ်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့ လွှတ်တော်သို့ လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သောင်းရွှေ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဦးအောင်သောင်းရွှေ ရဲ့အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြတဲ့ ဒေသခံဌာနေ တိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်နဲ့ ဘဝလုံခြုံမှုထူထောင်ပေးရေးဟာ ပြည်ထောင်စုလုံခြုံရေး အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဖြစ်စဉ်တွေက သင်ခန်းစာပေးပြီးသွားပါပြီ။ ဒီကနေ့ နိုင်ငံတကာအလယ်မှာ စွပ်စွဲခံနေရတာ၊ ပြည်ထောင်စုပုံရိပ်ကို ထိခိုက်စေတာဟာ အစိုးရအဆက်ဆက် များရဲ့ မှားယွင်းတဲ့နယ်စပ်ဒေသစီမံခန့်ခွဲမှုအမှားတွေကြောင့်သာ ဖြစ်ပါတယ်။ ဒီလိုစီမံခန့်ခွဲမှုအမှား တွေကြားမှာ ဌာနေတိုင်းရင်းသားတွေ၊ လုံခြုံရေးဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေပါ သားကောင် ဖြစ်ခဲ့ရပြီးဖြစ်လို့ ရှေ့ဆက်ပြီးတော့ ဒီလိုမျိုးအဖြစ်မခံစေချင်တော့ပါဘူးရှင်။ ယခုအချိန်မှာ

လူသားချင်းစာနာရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးစတဲ့ လုပ်ငန်းစဉ်တွေကို UEHRD အစီအစဉ်နဲ့ဆောင်ရွက်ဖို့ စီစဉ်နေတာကို မြင်တွေ့နေရပါတယ်။ ဒီလို စီစဉ်တာမှာ အရင်အမှားမျိုးတွေကို မကျူးလွန်မိဖို့ အရေးကြီးတယ်လို့ ထောက်ပြလိုပါတယ်။ လူသားချင်းစာနာထောက်ထားရမယ့် တာဝန်ရှိတယ်ဆိုတာကို ဘာသာတရားအဆုံးအမအရရော ရခိုင်လူမျိုးတွေရဲ့ အမျိုးသားစရိုက်လက္ခဏာအရပါ လက်ခံပါတယ်။ တစ်ချိန်တည်းမှာဖြစ်ပေါ်နေတဲ့ ပြဿနာဟာ ဌာနေတိုင်းရင်းသားတွေရဲ့ မူလဗီဇအရ လူသားချင်းစာနာတတ်မှုကို ကောက်ကျစ်တဲ့ရည်ရွယ်ချက်နဲ့ အားနည်းချက်တစ်ခုအဖြစ် အသုံးချခံနေခဲ့ရတယ်ဆိုတဲ့ သင်ခန်းစာကိုလည်း ယူရမှာဖြစ်ပါတယ်။ ပြန်လည်လက်ခံရေးနဲ့ပတ်သက်လို့ အကြိမ်ကြိမ်အခါခါ လက်ခံခဲ့ပြီးပါပြီ။ ၁၉၇၈ ခုနှစ်ကနေ ယခုအထိ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအရ ပြဋ္ဌာန်းဥပဒေနှင့်အညီ စိစစ်မှုကိုမခံယူနိုင်ဘဲ ထွက်ပြေး၊ ကုလသမဂ္ဂ၊ နိုင်ငံတကာဖိအားတွေနဲ့ပြန်လာ၊ ပြန်လည်လက်ခံခဲ့ကြရပါတယ်။ ပြဋ္ဌာန်းဥပဒေတွေကိုကျော်လွန်ပြီးတော့ တိုင်းရင်းသားအခွင့်အရေးတွေ၊ နိုင်ငံရေးအခွင့်အရေးတွေကိုပါ တောင်းဆိုနေကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်ရှင်။ ယခုအခါမှာလည်း ကုလသမဂ္ဂနဲ့ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းတွေ၊ OIC လို အဖွဲ့အစည်းတွေကို ကျောထောက်နောက်ခံပြုပြီးတော့ တချို့နိုင်ငံကြီးတွေဟာ နိုင်ငံရေးအကျိုးအမြတ်ကို အားကိုးပြီးတော့ တစ်ဖက်သတ်ဖိအားပေးတောင်းဆိုနေတာကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ယခုဖြစ်စဉ်တွေဟာ ကမ္ဘာ့မျက်နှာစာမှာ နိုင်ငံရဲ့ပုံရိပ်ကို များစွာထိခိုက်စေရုံသာမက အကြိမ်ကြိမ်အခါခါ ထွက်သွားလိုက်၊ ပြန်လာလိုက်နဲ့ တိုင်းပြည်ဟာ သာလာယံဇရပ်လို ဖြစ်နေပါပြီ။ ဒီအကျိုးသက်ရောက်မှုတွေဟာ အစဉ်အဆက်မှားယွင်းခဲ့တဲ့ စီမံခန့်ခွဲမှုတွေကြောင့် ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြန်လည်နေရာချထားရေးနဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ အထက်မှာတင်ပြခဲ့သလို အစဉ်အဆက် နယ်စပ်ရေးရာစီမံခန့်ခွဲမှုအမှားတွေကြောင့် လူဝင်လူထွက်ကို မထိန်းချုပ်နိုင်ခဲ့သလို ပြန်လည်နေရာချထားရေး အစဉ်အဆက်လုပ်ငန်းစဉ်တွေဟာ ဌာနေတိုင်းရင်းသားတွေကို ဝံပုလွေအုပ်အဝိုင်းခံနေရတဲ့ သိုးဘဝကိုရောက်စေခဲ့ရုံမက ပြည်သူ့ဝန်ထမ်းတွေပါ အကြမ်းဖက်မှုရဲ့သားကောင်တွေ ဖြစ်သွားရတယ်ဆိုတာကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရပြီး ဖြစ်ပါတယ်။ UEHRD ရဲ့အစီအစဉ်တွေကိုလေ့လာကြည့်ရင် ငခုရ၊ တောင်ပြိုလက်ဝဲမှာ လက်ခံမယ်။ လှဖိုးခေါင်မှာ ယာယီလက်ခံစိစစ်မယ်။ နေအိမ်ရှိပြီးသားလူတွေကို မူရင်းနေရာဆီကိုပြန်ပို့မယ်။ နေအိမ်မရှိသေးတဲ့လူတွေကို နေအိမ်ဆောက်ပြီးမှ ပြန်လည်နေရာချထားမယ်ဆိုတာကို တွေ့ရပါတယ်။ ဒီလိုဖြစ်စဉ်တွေကို ကျွန်မတို့လွှတ်တော်အနေနဲ့ စနစ်တကျ လေ့လာစောင့်ကြည့်ဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘင်္ဂါလီကျေးရွာတွေရဲ့တည်ရှိမှုဟာ တိုင်းရင်းသားကျေးရွာတည်ရှိမှုကို များစွာခြိမ်းခြောက်စေခဲ့ပါတယ်။ တိုင်းရင်းသားကျေးရွာများ လုံခြုံရေးစခန်းတွေနဲ့ ဆက်သွယ်သွားလာမှုလမ်းကြောင်းတွေဟာ အချိန်မရွေး လူအုပ်နဲ့အကြမ်းဖက်ခံရတဲ့အခြေအနေဖြစ်ခဲ့တာကြောင့် နောက်တစ်ကြိမ် ဒီလိုအဖြစ်ဆိုးမျိုး မကြုံတွေ့ရအောင် စီမံခန့်ခွဲဖို့ လိုအပ်ပါတယ်ရှင်။ ဒါကြောင့် နိုင်ငံသားဖြစ်လာကြမယ့် ဘင်္ဂါလီကျေးရွာတွေ ပြန်လည်နေရာချထားမှု၊ နိုင်ငံသားမဖြစ်တဲ့ဘင်္ဂါလီတွေအတွက် နေရာချထားမှုတွေကို တိတိကျကျထိန်းချုပ်နိုင်တဲ့ ကာကွယ်ရေး၊ လုံခြုံရေးအမြင်တွေပါဝင်တဲ့နေရာချထားမှုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်ရှင်။ ယခင်စီမံအုပ်ချုပ်ခန့်ခွဲမှု၊ လုံခြုံရေး၊ ကာကွယ်ရေး စီမံခန့်ခွဲမှုတွေဟာ စနစ်တကျမရှိခဲ့လို့ ဘင်္ဂါလီကျေးရွာတွေနဲ့ လူနေအိမ်တွေတည်ဆောက်ထားတဲ့

ပုံစံတွေဟာ ဆက်သွယ်သွားလာမှုလမ်းကြောင်းတွေကို အလွယ်တကူ နှောင့်ယှက်အကြမ်းဖက်မှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဘင်္ဂါလီကျေးရွာတွေ တည်ရှိမှုကို လေ့လာကြည့်ဖို့လိုပါတယ်။ မူလကျေးရွာ ပြည်ထဲရေးအမည်ပေါက်တွေကို အခြေခံပြီးတော့ တောင်ရွာ၊ မြောက်ရွာ၊ အရှေ့ရွာ၊ အနောက်ရွာ၊ အလယ်ရွာစသည်ဖြင့် တိုးချဲ့တည်ဆောက်ထားပုံတွေဟာ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်တွေအတွက် သတ်ကွင်းထောင်ချောက်ဖြစ်နေခဲ့တာတွေကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ဒါတွေဟာ အုပ်ချုပ်မှု ဆိုင်ရာ၊ မြေအသုံးချမှုဆိုင်ရာကိစ္စတွေမှာ လာဘ်ပေးလာဘ်ယူမှု၊ စီမံခန့်ခွဲမှုတွေရဲ့ ဆိုးကျိုးတွေအပြင် နယ်မြေစိုးမိုးရေး၊ နယ်မြေရှင်းလင်းရေးလုပ်ငန်းစဉ်တွေအတွက် နိုင်ငံတကာစာမျက်နှာမှာ ပြောစရာ ဖြစ်သွားရတဲ့ အကျိုးသက်ရောက်မှုတွေပဲဖြစ်ပါတယ်။ အဲဒီတော့ ပြန်လည်လက်ခံရေး၊ ပြန်လည် နေရာချထားရေးတွေနဲ့ပတ်သက်တဲ့ UEHRD ရဲ့ Master Plan ဟာ အလွန်စေ့စပ်သေချာဖို့လိုပါ တယ်။ ကြုံခဲ့ဖူးတဲ့အဖြစ်မျိုးတွေကို ကာကွယ်မှုပေးနိုင်တဲ့ Master Plan ဖြစ်ဖို့လိုပါတယ်။ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးအစီအစဉ်တွေဟာ တိုင်းရင်းသားတွေရဲ့ နယ်မြေ စွန့်ခွာမှုကြောင့် လူဦးရေလျော့နည်းလာမှုတွေကို အကာအကွယ်ပေးနိုင်ဖို့ အထူးအလေးထားပြီး ရေးဆွဲတဲ့အစီအစဉ်တွေဖြစ်ဖို့ လိုအပ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်လို့ အဆိုရှင်ရဲ့ တင်ပြချက်ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ် လူပေါင်း ၂၀၀၀၀ ကျော်ခန့်သတ်ဖြတ်ခံခဲ့ရပါတယ်။ မောင်တောမြို့နယ်မှာ ရခိုင်တိုင်းရင်းသားကျေးရွာနဲ့ တိုင်းရင်း နွယ်ဖွားကျေးရွာ ၁၂၉ ရွာ မီးရှို့ဖျက်ဆီးသတ်ဖြတ်နှင်ထုတ်ခံရတာမှာ ရွာပေါင်း ၁၀၀ နီးပါးကို ယနေ့အထိ ပြန်လည်ထူထောင်နိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ဘူးသီးတောင်မြို့နယ်မှာ ရခိုင်တိုင်းရင်းသား ကျေးရွာနဲ့ တိုင်းရင်းနွယ်ဖွားတွေရဲ့ ကျေးရွာ ၂၁၇ ရွာ မီးရှို့သတ်ဖြတ်နှင်ထုတ်ခံရပြီးတော့ ရွာပေါင်း ၁၁၆ ရွာဟာ ယနေ့အထိ ပြန်လည်ထူထောင်နိုင်ခြင်းမရှိသေးပါဘူးရှင်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း မူဂျာဟစ် သောင်းကျန်းမှုကြောင့် ကျေးရွာတွေ မီးရှို့ဖျက်ဆီးသတ်ဖြတ်နှင်ထုတ်ခံရတဲ့အတွက် ရခိုင် ကျေးရွာတွေနဲ့ တိုင်းရင်းနွယ်ဖွားကျေးရွာတွေဟာ ထပ်မံပျောက်ဆုံးခဲ့ကြပြန်ပါတယ်။ ယနေ့ရှိနေတဲ့ ဘင်္ဂါလီကျေးရွာများစွာဟာ ရခိုင်နာမည်နဲ့ရှိနေသေးတာဟာ သက်သေအဖြစ်ပါပဲရှင်။

ခေတ်အဆက်ဆက်မှာ တိုင်းရင်းသားကျေးရွာတွေ ပြန်လည်ထူထောင်ရေးကို စီမံချက်တွေနဲ့ ဆောင်ရွက်ခဲ့ကြပေမယ့် စေတနာနဲ့ နည်းစနစ်တွေမမှန်ကန်ခဲ့တာကြောင့် ပေါ်လစီသက်သက်သာ ဖြစ်နေခဲ့တဲ့အတွက် ထိရောက်အောင်မြင်မှုမရှိခဲ့ပါဘူး။ အစိုးရရဲ့ စီမံအုပ်ချုပ်မှုနဲ့ နယ်စပ်ဒေသ စီးပွားရေးပေါ်လစီအမှားတွေကြောင့်၊ တိုင်းရင်းသားတွေရဲ့ လူမှုဘဝရပ်တည်ရေးခက်ခဲမှုတွေကြောင့် နေရပ်စွန့်ခွာမှုတွေ တစိမ့်စိမ့်ဖြစ်ပေါ်လာခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့ မူလအခွင့်အရေးတွေဟာ တရားမဝင် ဘင်္ဂါလီတွေအများစုရဲ့ အနိုင်ကျင့်မှုအောက်မှာ စီးပွားရေး၊ လူမှုရေး၊ ဘဝရပ်တည်မှုတွေ ဆုံးရှုံးပြီး နေရပ်စွန့်ခွာမှုတွေ များပြားလာခဲ့ပြီးတော့ ဆယ်စုနှစ် ၄၊ ၅ ခုအတွင်းမှာ လူဦးရေသိန်း နှင့်ချီပြီးတော့ နေရပ်စွန့်ခွာခဲ့ကြရတာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ဒီကနေ့ ကျွန်မတို့ ပြည်ထောင်စုကြုံတွေ့နေရတဲ့ ရခိုင်ပဋိပက္ခပြဿနာဆိုတာတွေဟာ ရခိုင်တွေဖန်တီးတဲ့ ပြဿနာမဟုတ်ဘူးဆိုတာကို ကျွန်မအနေနဲ့ ခိုင်ခိုင်မာမာပြောကြားလိုပါတယ်ရှင်။ အစိုးရအဆက်ဆက်တွေရဲ့ ပြတ်သားစွာ မကိုင်တွယ်နိုင်ခဲ့မှုကို

အခွင့်အရေးယူပြီးတော့ ကောက်ကျစ်ယုတ်မာတဲ့ ကျေးဇူးကန်းဘင်္ဂါလီဆိုးတွေရဲ့ အကြံအစည်နဲ့ ပေါ်ပေါက်လာတဲ့ ပြဿနာသာဖြစ်ပါတယ်။ ဒါကို ကုလသမဂ္ဂအပါအဝင် လူ့အခွင့်အရေးအမည်ခံ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ နိုင်ငံတကာဘင်္ဂါလီလော်ဘီအဖွဲ့အစည်းတွေက လူသားချင်းစာနာမှု ခေါင်းစဉ်နဲ့ ဒီဒေသကိုရောက်ရှိနေကြတဲ့ INGO/NGO နယ်စည်းမခြားဆိုတဲ့ အဖွဲ့အစည်းတွေက နှစ်ပေါင်းများစွာကတည်းက အကွက်ချစီစဉ်နေခဲ့တဲ့ ပြဿနာဖြစ်တယ်ဆိုတာကို ကျွန်မတို့ ပြည်ထောင်စုတိုင်းရင်းသားများ ရှင်းရှင်းလင်းလင်းသိမြင်ဖို့ အလွန်အရေးကြီးပါတယ်ရှင်။ ဒီလူတွေဟာ ဖိအားပေးလှုံ့ဆော်မှုတွေ၊ အစွန်းရောက်ဘာသာရေးအဖွဲ့အစည်းတွေရဲ့ ဝါဒဖြန့် ခြိမ်းခြောက်မှုတွေကြောင့် အကြမ်းဖက်တိုက်ခိုက်မှုတွေမှာ အုံနဲ့ကျင်းနဲ့ ပတ်သက်ခဲ့ကြပြီး နောက်ဆုံးတော့ နေရပ်စွန့်ခွာကာ တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားကြတာဖြစ်ပါတယ်။ ဒီလို လူ့အခွင့်အရေးမျက်နှာဖုံးကိုစွပ်ထားတဲ့ တချို့နိုင်ငံ၊ တချို့အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်များက ပြည်ထောင်စုရဲ့ အချုပ်အခြာကို ချိုးဖောက်ဖို့၊ တည်ဆဲဥပဒေတွေကို ဖောက်ဖျက်ကျော်လွှားဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေကြတာသာဖြစ်ပြီးတော့ နိုင်ငံရဲ့ခြံစည်းရိုးကို ဖြတ်ဖို့ အားပေးအားမြှောက် ပြုမူနေခြင်းသာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် ဒီဖြစ်ပေါ်လာတဲ့ အားနည်းချက်ကို အားသာချက်ဖြစ်အောင်၊ ဌာနေတိုင်းရင်းသားတွေရဲ့ ဘဝလုံခြုံမှုအာမခံချက်ရှိလာအောင် ဖြေရှင်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီနဲ့အညီ ဒေသခံပြည်သူတွေရဲ့ ဆန္ဒနဲ့ တစ်ထပ်တည်းကျအောင် ဖြေရှင်းဖို့လိုအပ်ပါတယ်။ ရခိုင်လူမျိုးတွေဟာ ဒီပြဿနာ ဖြေရှင်းရေးအတွက် ဘယ်ခေတ်အခါမှာမှ ကာယကံမြောက်ပါဝင်ခွင့်မရခဲ့ဘူးဆိုတာကို ကျွန်မအနေနဲ့ အတိအလင်းချပြလိုပါတယ်။ ကာယကံရှင်ဖြစ်တဲ့ ရခိုင်လူမျိုးတွေရဲ့ ကိုယ်စားပြုလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေးပါတီ၊ ဒေသခံပြည်သူလူထုခေါင်းဆောင်တွေကို လက်ခံစိစစ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးကဏ္ဍတွေမှာ မဟာဗျူဟာ၊ နည်းဗျူဟာမြောက် ထည့်သွင်းပါဝင်စေဖို့ လိုအပ်လျက်ရှိတယ်ဆိုတာကိုလည်း ထောက်ပြဆွေးနွေးလိုပါတယ်ရှင်။ UEHRD ရဲ့အစီအစဉ်တွေဟာ ဒေသခံခေါင်းဆောင်တွေနဲ့ နိုင်ငံရေးအရရော၊ ဥပဒေအရပါ ညှိနှိုင်း ဆောင်ရွက်မှုအပိုင်း အားနည်းနေသေးတယ်ဆိုတာကို ကျွန်မနေနဲ့ ထောက်ပြဆွေးနွေးရင်း ဦးအောင်သောင်းရွှေ တင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း ပြောကြားရင်းနိဂုံး ချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးအောင်သောင်းရွှေတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင်မဲဆန္ဒနယ်က တင်သွင်းတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံဌာနေ တိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံ တိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သောအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၈-၂-၂၀၁၈ ရက်နေ့ (ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ (၇.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Sai Thiha Kyaw U Win Maw Tun




U Nyan Hein U Win Maw Tun




U One Hla U Win Maw Tun




U Khin Cho U Win Maw Tun




U Tin Hla U Win Maw Tun




U Aung Sein U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်